CAPACITY BUILDING INITIATIVE

CBI Newsletter

Reaching the NGO Community Nationwide

Volume 12, Issue 1 April, 2011

Our Vision

Competent individuals and organizations are working together and contributing enthusiastically their capacity for the development of Myanmar.

Our Mission

CBI is a nationally recognized organization providing quality training, facilitation and consultancy services to individuals and organizations working for the development of Myanmar.

Contents

CBI as in Myanmar Name
CBI Team went on Retreat
Students from Hong Kong University visited Myanmar NGOs 2
Welcome New CBI Staff
Update NGO Contact Information
Why Trainings Became Series 3
Regional Conference on Risk Management Awareness 8
Trainings/Services from CBI ..... 4 - 11
CBI Training Calendars 11, 12

Contact CBI

No. 497, Room No. 201-202, Tower B, Diamond Condo, Pyay Road, Kamayut Township,Yangon, Myanmar
Phone/Fax : (95-1) 501 379, 523 675, (95-9) 540 8067
Email : cbiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining.training@gmail.com
Website : www.cbiinmyanmar.org

မျှော်မှန်းချက်

စွမ်းရည်ပြည့်ဝသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။

ရည်မှန်းချက်

စီဘီအိုင်သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် မြန်မာ နိုင်ငံသားများနှင့် အဖွဲ့အစည်းများကို အရည်အသွေးပြည့်ဝသော သင်တန်းများ၊ ကူညီပံ့ပိုးမှုများနှင့် အတိုင်ပင်ခံဝန်ဆောင်မှုများပေးနေသည့် နိုင်ငံအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ရန်။

Contents

CBI as in Myanmar Name
CBI Team went on Retreat
Students from Hong Kong University visited Myanmar NGOs ၂
Welcome New CBI Staff
Update NGO Contact Information
Why Trainings Became Series ၃
Regional Conference on Risk Management Awareness ၈
Trainings/Services from CBI ..... ၄ - ၁၁
CBI Training Calendars ၁၁, ၁၂

Contact CBI

No. 497, Room No. 201-202, Tower B, Diamond Condo, Pyay Road, Kamayut Township,Yangon, Myanmar
Phone/Fax : (95-1) 501 379, 523 675, (95-9) 540 8067
Email : cbiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining.training@gmail.com
Website : www.cbiinmyanmar.org

မာတိကာ

စီဘီအိုင်ရဲ့ မြန်မာမှ
စီဘီအိုင်ဝန်ထမ်းများရဲ့ အားသစ်လောင်းအစီအစဉ်
ဟောင်ကောင်တက္ကသိုလ်မှ လူငယ်များရဲ့ လေ့လာရေးခရီး ၂
စီဘီအိုင်ဝန်ထမ်းသစ်များအား ကြိုဆိုခြင်း
လူမှုရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များ
စီဘီအိုင်မှ စီးရီးသင်တန်းတွေ ပို့ချပေးနေပြီ ၃
ဘေးအန္တရာယ် အသိပညာပေးမှု ဒေသဆိုင်ရာ ညီလာခံ ၈
စီဘီအိုင်မှ သင်တန်းများ၊ ဝန်ဆောင်မှုများ ..... ၄ - ၁၁
စီဘီအိုင် သင်တန်းအချိန်ဇယားများ ..... ၁၁၊ ၁၂

စီဘီအိုင်ကိုဆက်သွယ်ရန်

အမှတ် ၄၉၇၊ အခန်း ၂၀၁-၂၀၂၊ တာဝါ ဘီ၊ ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ဖက်စ် - ၅၁၀ ၃၇၉၊ ၅၂၃ ၆၇၅၊ ၀၉ ၅၄၀ ၈၀၆၇
အီးမေးလ် - cbiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining.training@gmail.com
ဝက်ဘ်ဆိုက် - www.cbiinmyanmar.org

Limited for Internal Circulation Only

CBI as in Myanmar Name

We have selected an appropriate name for CBI in Myanmar which would sound "**Swanyee Shaesaung**" and have had submitted the application for registration with this name.

စီဘီအိုင်ရဲ့မြန်မာမှု

ကျွန်တော်၊ ကျွန်မတို့ရဲ့ စီဘီအိုင် (Capacity Building Initiative) ကို **'စွမ်းရည်ရှေ့ဆောင်(လူမှုရေးအသင်း)'** ရယ်လို့ မြန်မာမှုပြုပြီး အသင်းမှတ်ပုံတင် ရရှိရေးအတွက်လဲ လျှောက်ထားလိုက်ပါပြီဆိုတာ အားလုံးသိရှိအောင် မျှဝေပါရစေ။

CBI Team went on Retreat

After reviewing the internal communication system, CBI staff decided that there was a need to improve it. Thus with an aim to build stronger and systematic internal communication system CBI team went on retreat to Bagan and Poppa from 7 to 10 of April. During the retreat, CBI team explored the connections and contributions of strengths among CBI staff, visualized personal and organizational goals for CBI betterment. CBI staff was satisfied with the results and came back with a determination that the team will work further for better understanding and communication. CBI has been going on retreat since 2007. This is the fifth time of CBI Team Retreat.

စီဘီအိုင် ဝန်ထမ်းများရဲ့ အားသစ်လောင်း အစီအစဉ်

စီဘီအိုင် ဝန်ထမ်းတွေအနေနဲ့ အဖွဲ့အစည်းအတွင်း ဆက်သွယ်ဖလှယ်တဲ့စနစ်တွေကို ပြန်လည်သုံးသပ်ပြီးနောက် ပိုမိုတိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ဖို့လိုအပ်တယ်လို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါ့ကြောင့် အဖွဲ့အတွင်း ပိုမိုခိုင်မာစနစ်ကျတဲ့ ဆက်သွယ်ဖလှယ်ရေး စနစ်တစ်ခုကို တည်ဆောက်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဧပြီလ ၇ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ ပုဂံနဲ့ ပုပ္ပါးဒေသတွေဆီကို အားသစ်လောင်း အစီအစဉ်အဖြစ် ခရီးသွားခဲ့ကြပါတယ်။ ဝန်ထမ်းတွေအနေနဲ့ ခရီးသွားရင်း အဖွဲ့အတွင်းဝန်ထမ်းတွေရဲ့ အားသာချက်တွေဟာ အဖွဲ့အတွက် ဘယ်လို ဆက်စပ်ပတ်သက်နေတယ်ဆိုတာကို ဖော်ထုတ်နိုင်ခဲ့ကြသလို ဝန်ထမ်းတစ်ဦးချင်းအလိုက် စီဘီအိုင်အပေါ် ထားရှိထားတဲ့ ရည်ရွယ်ချက်တွေနဲ့ အဖွဲ့က ဦးတည်ချမှတ်ထားတဲ့ ရည်ရွယ်ချက်တွေကိုလည်း ပြန်လည်ထင်ဟပ်နိုင်ခဲ့ပါတယ်။ ဝန်ထမ်းတွေဟာ ဆွေးနွေးမှု ရလဒ်တွေကို ကျေနပ်ကြသလို အနာဂတ်မှာ စီဘီအိုင်အတွက် ယခုထက်ပိုပြီး အားထုတ်လုပ်ဆောင်သွားကြမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ခရီးကနေ ပြန်လာခဲ့ကြပါတယ်။ ၂၀၀၇ ခုနှစ်ကစတင်ပြီး စီဘီအိုင်အနေနဲ့ တစ်နှစ်တစ်ကြိမ် ဝန်ထမ်းတွေအားလုံးအတူတကွ အားသစ်လောင်း အစီအစဉ် ဆောင်ရွက်ခဲ့ကြရာ ယခုအကြိမ်ကတော့ ငါးကြိမ်မြောက်ပဲဖြစ်ပါတယ်။

Students from Hong Kong University visited Myanmar NGOs

Under the arrangement of National YMCA, students from University of Hong Kong visited Myanmar in January 2011. About 23 youths including from Myanmar paid a visit to NGO complex in Diamond Condo Tower B, Kamayut Township on 20 January 2011. CBI Director, Information Officer, and other responsible persons briefed the youths about CBI and Youths asked questions related to their interested areas. Then they were taken around the floor and met respective officers such as Youth Network, CDEC, Food Security Working Group and Myanmar NGO Network (MNN). They stayed about 2hours and left at 4 pm.

ဟောင်ကောင်တက္ကသိုလ်မှ လူငယ်များရဲ့ လေ့လာရေးခရီး

အမျိုးသားကလျာဏယုဝ ခရစ်ယာန်အသင်းရဲ့ စီစဉ်ဆောင်ရွက်ပေးမှုနဲ့ ဟောင်ကောင်တက္ကသိုလ်မှ လူငယ်များဟာ ၂၀၁၁ခုနှစ် ဇန်နဝါရီလက မြန်မာပြည်ကို လေ့လာရေးခရီးအဖြစ် ရောက်ရှိလာခဲ့ကြပါတယ်။ မြန်မာလူငယ်များအပါအဝင် လူငယ်လူရွယ် ၂၃ ယောက်ဟာ ကမာရွတ်မြို့နယ်ရှိ ဒိုင်းမွန်းကွန်ဒိုမှာဖွင့်လှစ်ထားတဲ့ မြန်မာလူမှုရေးအဖွဲ့အစည်းတွေကို လာရောက် လေ့လာသွားခဲ့ကြပါတယ်။ စီဘီအိုင် ဒါရိုက်တာနဲ့ သတင်းနဲ့ပြန်ကြားရေး ဝန်ထမ်းတို့က စီဘီအိုင်အကြောင်း မိတ်ဆက်ပေးခဲ့ပြီး လူငယ်များကလည်း သူတို့စိတ်ဝင်စားသိလိုသည်များကို မေးမြန်းခဲ့ကြပါတယ်။ ဆက်လက်ပြီး စီဘီအိုင်နဲ့ တစ်ထပ်တည်းမှာ ဖွင့်လှစ်ထားတဲ့ မြန်မာလူငယ်ကွန်ရက်၊ စီဒီအီးစီ၊ စားနပ်ရိက္ခာဖူလုံမှုအဖွဲ့၊ မြန်မာအန်ဂျီအိုကွန်ရက် အဖွဲ့အစည်းများကိုလည်း လေ့လာသွားခဲ့ကြပါတယ်။ နှစ်နာရီကြာ လည်ပတ် လေ့လာသွားကြပြီး ညနေ ၄နာရီခန့်မှာ ပြန်လည် ထွက်ခွာသွားကြပါတယ်။

Welcome New CBI Staff !!!

Htoi San Aung, Kyi Moe Khant, Khin Lay Lwin, Su Mon Lwin, and Yee Lei Han joined CBI as Trainers. Theint Theint Linn joined CBI as Assistant Admin Officer.

UPDATE NGO CONTACT INFORMATION

New Country Representative of Bridge Asia Japan (BAJ)
Former Representative: Yasufumi TSUKAMURA
New Representative: Akiko MORI

Loka Ahlin (Social Development Network) : 09 731 71141

Alliance (International HIV/AIDS Alliance in Myanmar)
12 F, Pyithu Avenue, 7th Mile, Pyay Road, Mayangone Township, Yangon
Tel : 665 904, 662 484, 666 532
Fax : 662 484
Email: aidsalliance@myanmar.com.mm

Dan Church Aid Myanmar (DCA)
666/B1, Mya Kan Tha 2 Street, Near Ta Dar Phyu Bus Stop, Yangon
Tel : 538 756

Friends of Rainforests in Myanmar (FORM)
139, University Avenue Road, Kamayut Township, Yangon
Tel : 503 671
Email: form.myanmar@gmail.com, form@myanmar.com.mm

Myanmar NGO Network (MNN)
No. 224 A, Salmon Tower, 3rd Floor, U Wizara Road, Bahan Township, Yangon
Tel: 536 333, 535 611 Ext: 401, 536 428

Charity Oriented Myanmar (COM) : Project Office
Building – D , Room 802, Bandoola Condo, Puzuntaung Township, Near Ocean East Point, Yangon

Karuna Myanmar Social Services (KMSS)
No. 25, Yuzana Business Tower, No.1 Elevator, Room 1102, Damazedi Road, Myenigone, Sanchaung Township, Yangon
Tel: 532 352, 705 839

Why Trainings Became Series

CBI conducted the two series trainings for **Result Based Project Management (RBPM)** and **Human Resource Management (HRM)**. Normally, these courses were conducted as one-off training as well as modular training. Because of the increasing demand for in depth knowledge on subject matters, CBI decided to conduct these trainings in series. Trainer can give more content for knowledge and time for participants to practice and share among them. Because of the training nature, participants got a chance to choose the module most related to their job. CBI will award the certificate for each module of the series training. Any participant who completed the whole series training will be awarded the Training Completion Certificate. Facilitators set up the course logic for each part of the series and a strong linkage is built up between each module.

As an initiation of CBI, all the courses are being regularly updated in line with the contemporary issues in communities.

စီးရီးသင်တန်းတွေ ပို့ချနေပြီ

စီဘီအိုင်ဟာ **ရလဒ်အခြေပြု စီမံချက် စီမံခန့်ခွဲခြင်းဆိုင်ရာသင်တန်းများ** နဲ့ **လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းများ**ကို စီးရီးခွဲပြီး ပို့ချပေးနေပါပြီ။ အရင်ကတော့ အဲဒီသင်တန်းတွေကို တစ်ခုချင်း ဒါမှမဟုတ် အပိုင်းခွဲပြီး မော်ဂျူးသင်တန်းအဖြစ် ပို့ချခဲ့တာပါ။ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပိုမိုထိရောက်တွင်ကျယ်တဲ့ အသိပညာတွေကို လိုချင်လာကြတာကြောင့် ဒီလိုမျိုး စီးရီးသင်တန်းတွေ ပို့ချပေးဖို့ ဆုံးဖြတ်လိုက်တာပဲ ဖြစ်ပါတယ်။ အဲဒီ စီးရီးသင်တန်းတွေမှာတော့ ထိရောက်အကျိုးရှိစေတဲ့ အကြောင်းအရာတွေ ပိုမိုပါဝင်မှာဖြစ်ပြီး တက်ရောက်သူ သင်တန်းသားတွေ အချင်းချင်းလည်း ပိုမိုမျှဝေနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် လက်တွေ့လေ့ကျင့်နိုင်တဲ့ အချိန်တွေလည်း ပိုမိုရရှိနိုင်သလို သင်တန်းတက်ရောက်လိုသူတွေဟာ သူတို့ရဲ့အလုပ်တာဝန်နဲ့ ပိုမိုကိုက်ညီတဲ့ သင်တန်းအမျိုးအစားကို ရွေးချယ်တက်ရောက်နိုင်ပါတယ်။ သင်တန်းတစ်ခုချင်းစီအလိုက် သင်တန်းပြီးဆုံးကြောင်းလက်မှတ် ချီးမြှင့်မှာဖြစ်သလို စီးရီးတစ်ခုလုံး ပြီးစီးပါကလဲ သီးသန့်လက်မှတ်တစ်ခု ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ သင်တန်းဆရာတွေအနေနဲ့ သင်တန်း တစ်ခုချင်းအလိုက် အဓိကကျတဲ့ အချက်အလက်တွေ အကြောင်းအရာတွေကို ပြင်ဆင်ထားကြပြီး စီးရီးတစ်ခုထဲရှိ မော်ဂျူးတစ်ခုနဲ့တစ်ခု ဆက်နွယ်ချိတ်ဆက်မှု အားကောင်းအောင်လည်း ပြင်ဆင်ထားကြပါတယ်။ ဒီစီးရီးသင်တန်းတွေဟာ စီဘီအိုင်ရဲ့ အစပျိုး ဆန်းသစ်ထားတာတွေ ဖြစ်သလို နောက်ထပ်လဲ လူမှုရေး အဖွဲ့အစည်းဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်မယ့် သင်တန်းတွေကို ဆန်းသစ် ပြုလုပ်သွားဖို့ရှိပါတယ်။

Human Resource Management (HRM) Series

Part I : People Resourcing

People Resourcing is the first component of the Human Resource Management (HRM) Series. CBI conducted this training on 9-11 February 2011 at CBI training room. Altogether 23 Participants from17 organizations joined this training. The overall goal of this training was for the participants to have a clear understanding of human resource planning, and to promote adaptability with organizational context by sharing and learning from each other. Participants had to do group work activities, large group presentations and role plays in each section of the training. At the end of the training, they got essential knowledge of recruitment and selection process and they could explore the relationships between HR Planning and Organizational Strategy.

Voice of Participants

- Small group activities are the sessions I like most because they are more effective than paper base lectures.
- I like interview assessment relates with HR staff and it's useful for all HR staff.
- I like group work activities. I can get more information and share experience with other.

Part II : Performance Management & Rewarding

CBI Training Team conducted "Performance Management and Rewarding" training on 9-11 March 2011 at CBI training room. The purpose of this training was to have the comprehensive knowledge of the performance management and reward system to promote the motivation of staff in their respective workplace. Altogether 24 participants from 8 International organizations and 11 Local organizations attended the training. At the end of the training, they understood the relationship between PMS and other HR functions, the approaches to measure performance, how to design the performance appraisal interview and distinguish between traditional and contingent pays.

Participants said that

- I like activities by separating in a part.
- I like rating salary scale in rewarding session because it is useful tools.
- I like performance management session. I understood all process and its networks.
- It's very useful to apply in practice.

Part III : Learning and Development

The third part of Human Resource Management Series, Learning and Development training was conducted by CBI Training Team from March 30th to April 1st, 2011. The purpose of the training was for the participants to be able to develop organization's human resources in enhancing organizational performance and efficiency.This training was attended by 20 participants from 16 organizations. By this training, participants gained the knowledge of concepts on learning, training and development, and development skills on various dimensions of development to apply in their organization's HR work.

Voice of participants:

- Course design and activities are very good.
- Because of Learning Need Analysis, we can select learning method suitable for our staff.
- I can learn Simulation Method.

လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်း

လူစွမ်းအားရှာဖွေခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း

လူစွမ်းအားရှာဖွေခြင်းနဲ့ အစီအစဉ်ရေးဆွဲခြင်းဟာ လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းများထဲမှ ပထမဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ အဆိုပါ သင်တန်းကို ဖေဖော်ဝါရီလ ၉ ရက်နေ့ ကနေ ၁၁ ရက်နေ့အထိ စီဘီအိုင်သင်တန်းခန်းမမှာ ပြုလုပ်ခဲ့ရာ လူမှုရေးအဖွဲ့အစည်း ၁၇ဖွဲ့က ဝန်ထမ်း ၂၃ ယောက် ပါဝင်တက်ရောက်ခဲ့ပါတယ်။ ရည်ရွယ်ချက်တွေကတော့ လူစွမ်းအားအရင်းအမြစ်ဆိုင်ရာ အစီအစဉ်ရေးဆွဲတာတွေကို တက်ရောက်လာကြတဲ့ သင်တန်းသားတွေ တစ်ယောက်နဲ့ တစ်ယောက် မျှဝေဖလှယ်သင်ယူကြရင်း မိမိတို့အဖွဲ့အစည်းနဲ့ ကိုက်ညီတဲ့ ပုံစံပြောင်းလဲ အသုံးချနိုင်စေဖို့ပဲ ဖြစ်ပါတယ်။ သင်တန်းချိန်တွေမှာ သင်တန်းသားတွေအနေနဲ့ အုပ်စုဖွဲ့ပြီး လှုပ်ရှားဆောင်ရွက်ရတာတွေ ရှိသလို အဖွဲ့လိုက်ရှင်းလင်း တင်ပြရတာတွေ သရုပ်ဆောင် တင်ဆက်ရတာတွေကိုလဲ ဆောင်ရွက်ခဲ့ရပါတယ်။ ခန့်အပ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ဆောင်မှုအဆင့်ဆင့်ကို သိရှိနားလည်သွားကြပြီး လူစွမ်းအားအရင်းအမြစ် အစီအစဉ်တွေနဲ့ အဖွဲ့အစည်းရဲ့မဟာဗျူဟာတို့ ဆက်စပ်ပတ်သက်နေပုံကို လေ့လာဖော်ထုတ်တတ်နိုင်ခဲ့ပါတယ်။

သင်တန်းသားတို့ရဲ့ ရင်ဖွင့်သံများ

- စာအုပ်ကြီးအတိုင်း လေ့လာသင်ယူရတာထက် အဖွဲ့လိုက် လှုပ်ရှားဆောင်ရွက်ရင်း သင်ယူရတဲ့ အပိုင်းတွေကို ကြိုက်တယ်။
- အိတ်ချ်အာဝန်ထမ်းတွေနဲ့ပတ်သက်တဲ့ လူတွေ့မေးမြန်းပြီး စစ်တမ်းကောက်ယူရတာကို ကြိုက်နှစ်သက်ပါတယ်။ အိတ်ချ်အာဝန်ထမ်းတွေ အတွက်သုံးဝင်ပါတယ်။
- အဖွဲ့လိုက်လုပ်ဆောင်ချက်တွေကို ကြိုက်တယ်။ သတင်းအချက်အလက်တွေရရှိသလို တစ်ယောက်နဲ့တစ်ယောက် အတွေ့အကြုံတွေမျှဝေဖလှယ်နိုင်လို့ပါ။

စွမ်းဆောင်ရည် စီမံခန့်ခွဲခြင်းနှင့် ချီးမြှင့်ပေးခြင်း

ဒီသင်တန်းကိုတော့ မတ်လ ၉ရက်နေ့မှ ၁၁ရက်နေ့အထိ စီဘီအိုင်သင်တန်းခန်းမမှာ ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။ အဖွဲ့အစည်းတွေက ဝန်ထမ်းတွေသက်ဆိုင်ရာ လုပ်ငန်းတာဝန်တွေအပေါ် ပိုမိုစိတ်ပါဝင်စားပြီး အလုပ်ခွင်တွေမှာ တက်ကြွလန်းဆန်းလာကြစေဖို့ တွန်းအားပေးနိုင်ရန် ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်ကို စီမံခန့်ခွဲပုံနဲ့ ချီးမြှင့်ပေးပုံစနစ်တွေကို သိရှိနားလည်သွားစေဖို့ ဖြစ်ပါတယ်။ ဒီသင်တန်းကိုတော့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၈ ဖွဲ့နဲ့ ပြည်တွင်းအဖွဲ့အစည်း ၁၁ဖွဲ့က ဝန်ထမ်း စုစုပေါင်း ၂၄ ယောက် တက်ရောက်ခဲ့ပါတယ်။ သင်တန်းအပြီးမှာတော့ တက်ရောက်ခဲ့သူတွေဟာ လုပ်ဆောင်မှုစွမ်းဆောင်ရည်ဆန်းစစ်တိုင်းတာမှု နည်းလမ်းတွေကို နားလည်သွားကြသလို လုပ်ဆောင်မှုစွမ်းဆောင်ရည်သုံးသပ်အကဲဖြတ်ရန် လူတွေ့မေးမြန်းဖို့ ဘယ်လို အစီအစဉ်တွေ ရေးဆွဲရမယ်၊ လုပ်ရိုးလုပ်စဉ် ပုံမှန်လစာပေးတာနဲ့ အခြေအနေပေါ်မူတည်ပြီး လစာပေးရတဲ့ အနေအထားတွေကို ဘယ်လို ခွဲခြားရမယ်ဆိုတာတွေကိုလဲ နားလည်သွားကြပါတယ်။

သင်တန်းတက်ရောက်ခဲ့သူတွေရဲ့ ပြောစကားတွေကတော့

- အပိုင်းလိုက်ခွဲပြီး လုပ်ဆောင်ခိုင်းတာကို ကြိုက်တယ်။
- ချီးမြှင့်ပေးတဲ့ အပိုင်းမှာ လစာသတ်မှတ်ပုံကို ကြိုက်တယ်။ အသုံးဝင်တဲ့ ကိရိယာတစ်ခုဖြစ်လို့ပါ။
- စွမ်းဆောင်ရည် စီမံခန့်ခွဲတဲ့ ကဏ္ဍကို အလွန်ကြိုက်တယ်။ ဖြစ်စဉ်အားလုံးကို နားလည်သိရှိလိုက်သလို သူ့နဲ့ချိတ်ဆက်နေတာတွေကိုလည်း သိရှိလိုက်ရပါတယ်။
- လက်တွေ့အသုံးချဖို့ အရမ်းကို အသုံးဝင်ပါတယ်။

လေ့လာသင်ယူခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း

လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်း သင်တန်းများထဲမှ အပိုင်းသုံးအဖြစ် လေ့လာသင်ယူခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း သင်တန်းကို မတ်လ ၃၀ရက်နေ့ကနေ ဧပြီ ၁ ရက်နေ့အထိ စီဘီအိုင် သင်တန်းခန်းမမှာ ပြုလုပ်ခဲ့ ပါတယ်။ သင်တန်းရဲ့ ရည်ရွယ်ချက်ကတော့ အဖွဲ့အစည်းရဲ့ လုပ်ဆောင်ချက်နဲ့ စွမ်းရည်ပြည့်ဝမှုကို မြှင့်တင်ပေးနိုင်မယ့် လူစွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ပဲ ဖြစ်ပါတယ်။ ဒီသင်တန်းမှာတော့ အဖွဲ့အစည်း ၁၆ခုက သင်တန်းသား စုစုပေါင်း ၂၀ ဦး ပါဝင်ခဲ့ကြပါတယ်။ ဒီသင်တန်းကြောင့် သင်တန်းသားတွေဟာ သင်ယူလေ့လာခြင်း၊ သင်တန်းများ၊ ဖွံ့ဖြိုးမှုနဲ့ ပတ်သက်တဲ့ အယူအဆတွေ၊ သူတို့ရဲ့ လုပ်ငန်းခွင်မှာ ပြန်လည်အသုံးပြုနိုင်တဲ့ ဖွံ့ဖြိုးမှုဆိုင်ရာစွမ်းရည်တွေနဲ့ ပတ်သက်ပြီး အသိပညာများ ရရှိသွားကြပါတယ်။

သင်တန်းသားတို့ရဲ့ ရင်ဖွင့်သံများ

- သင်တန်းအစီအစဉ်တွေနဲ့ လှုပ်ရှားလုပ်ဆောင်ရတဲ့အပိုင်းတွေ အလွန်ကောင်းပါတယ်။
- Learning Need Analysis ကို သိမြင်လိုက်ရတာကြောင့် ဝန်ထမ်းတွေအတွက် လိုအပ်မယ့် ကိုက်ညီမယ့် Leaning method ကို ရွေးချယ်နိုင်တော့မယ်။
- Simulation လုပ်တဲ့ နည်းလမ်းကို သင်ယူခွင့်ရလိုက်ပါတယ်။

Result Based Project Management (RBPM) Series

Part I : Assessment

This 3-day training was conducted on 26- 28 January 2011 at CBI training room. The purpose of the training was for the participants to gain comprehensive knowledge and skill in assessing for developing new and different projects. This training was joined by 19 Participants, 10 from International Organizations and 9 from Local Organizations. At the end of the training, participants were being able to refresh the knowledge about assessment and why assessment has to be done, identify major steps of assessment; initial discussion, partner analysis, data collection and compilation, data analysis, report and reflection, apply data collection methods and tools; both qualitative and quantitative, analyze the assessment information and how to apply them in project development.

Voice of Participants:

- I like simulation on first day which reflects our work and everybody can participate.
- Giving example is good. It would be much better if there are discussions by comparing examples.
- I like data collection and data collection plan because it relates directly to my work.

Part II : Project Design

This training was conducted by the CBI training team from 23 to 25 February, 2011. Altogether 26 participants; 17 males and 9 females actively participated. During the training, they could refresh their knowledge about project design, know how to analyze project stakeholder/partner, SWOT, problem, objective and strategies before project designing, develop logical framework and M&E framework and draw activities schedule, resource plan and financing.

At the end of the training, participants said that

- We gained comprehensive knowledge and skills in designing a project that can apply in our development projects.
- I like using the graph most because it is very useful for my work.
- Now I have clear understanding on SWOT to explore strength and weakness of our organization.

Part III : Project Monitoring and Evaluation

From 23 to 25 March, 2011, CBI Training Team conducted project monitoring and evaluation training, which was the last part of Result Based Project Management (RBPM) Series. All together 15 participants from 8 organizations attended.

The overall objectives were for the participants to understand the basic concept of monitoring and evaluation and how to adapt in their own project.

After the training, participants gained the knowledge concerned with different types of monitoring and evaluation and their linkages and understood the monitoring tools development and about impact study.

Voice of Participants:

- This is a good training and I would like to suggest conducting modular training on RBPM future more.
- I have a chance to participate in all three part of RBPM so I know and learn more than others.
- I am very happy to discuss P M& E.
- I have a clear understanding between M& E and P M&E.

ရလဒ်အခြေပြု စီမံခန့်ခွဲခြင်း

ကနဦးဆန်းစစ်ခြင်း သင်တန်း

ဒီသုံးရက်တာ သင်တန်းကို ဇန်နဝါရီလ ၂၆ မှ ၂၈ အထိ စီဘီအိုင်သင်တန်းခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။ စီမံချက်အမျိုးမျိုး ဖော်ထုတ်ရာမှာ ကနဦးဆန်းစစ်ခြင်းတွေ ပြုလုပ်ဖို့အတွက် စွမ်းရည်တွေ အသိပညာတွေ တိုးပွားသွားစေဖို့ ရည်ရွယ်ပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေက ၁၀ဦးနဲ့ ပြည်တွင်း အဖွဲ့အစည်းက ၉ဦး၊ စုစုပေါင်း သင်တန်းသား ၁၉ယောက် ပါဝင်ခဲ့ပါတယ်။ သင်တန်းအပြီးမှာ သင်တန်းသားတွေဟာ ကနဦးဆန်းစစ်ခြင်းတွေ ဘာကြောင့်ပြုလုပ်ကြတယ်၊ ကနဦးဆန်းစစ်ခြင်းနဲ့ ပတ်သက်တဲ့ သိမြင်ထားတာတွေကို ပြန်လည် ဆန်းသစ်နိုင်ခဲ့သလို၊ ကနဦးဆန်းစစ်လေ့လာတဲ့အခါမှာ အဓိကအဆင့်တွေဖြစ်တဲ့ စတင်ဆွေးနွေးခြင်း၊ မိတ်ဖက်တွေကို ဆန်းစစ်သုံးသပ်ခြင်း၊ အချက်အလက်များ ကောက်ယူ စုဆောင်းခြင်း၊ အချက်အလက်များ ဆန်းစစ်သုံးသပ်ခြင်း၊ အစီရင်ခံခြင်းနဲ့ ပြန်လည် ထင်ဟပ်စေခြင်း စတဲ့အဆင့်တွေကိုလဲ သိရှိသွားကြပါတယ်။ ဒါ့အပြင် အချက်အလက်တွေ ကောက်ယူစုဆောင်းဖို့ နည်းလမ်းတွေ ကိရိယာတွေ၊ ကနဦးဆန်းစစ်ခြင်းအရ ရရှိလာတဲ့ သတင်းအချက်အလက်တွေကို စီစစ်ပိုင်းခြားပုံနဲ့ စီမံချက် ဖွံ့ဖြိုးတိုးတက်ရေးမှာ ဘယ်လိုပြန်ပြီး အသုံးချရမယ်ဆိုတာကိုလဲ နားလည်သွားကြပါတယ်။

သင်တန်းသားတို့ ရင်ဖွင့်သံများ

- သင်တန်းစစချင်း ပထမဆုံးရက်က ပြုလုပ်တဲ့ သဏ္ဌာန်တူလုပ်ရတာကို ကြိုက်တယ်။ ကိုယ်လုပ်နေတဲ့အလုပ်ကို ပြန်လည်ထင်ဟပ်စေပြီး တက်ရောက်သူ အကုန်လုံး ပါဝင် လုပ်ဆောင်ခွင့်ရကြလို့ပါ။
- ဥပမာတွေ ပေးတာကောင်းတယ်။ ဥပမာတွေကို နှိုင်းယှဉ်ပြီး ဆွေးနွေးခွင့်ရမယ်ဆိုရင် ပိုကောင်းတယ်။
- အချက်အလက်တွေ ကောက်ယူခြင်းနဲ့ ကောက်ယူပုံ အစီအစဉ်တွေဟာ အလုပ်နဲ့ တိုက်ရိုက်ဆက်စပ်နေလို့ နှစ်သက်ပါတယ်။

စီမံချက် ဒီဇိုင်းရေးဆွဲခြင်း

ဒီသင်တန်းကိုတော့ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ကနေ ၂၅ ရက်နေ့အထိ ပြုလုပ်ခဲ့တာပါတယ်။ သင်တန်းသား ၂၆ ယောက်၊ အမျိုးသား ၁၇ယောက်နဲ့ အမျိုးသမီး ၉ယောက် ပါဝင်ခဲ့ပါတယ်။ သင်တန်းမှာ သင်တန်းသားတွေဟာ သူတို့မှာရှိနေတဲ့ စီမံချက်ဒီဇိုင်းနဲ့ပတ်သက်တဲ့ အသိပညာတွေကို ပြန်လည် သစ်ဆန်းနိုင်ခဲ့သလို စီမံချက်ဒီဇိုင်း မရေးဆွဲခင် စီမံချက်နဲ့ ပတ်သက်နှီးနွယ်နေတဲ့ မိတ်ဖက်တွေ၊ နည်းဗျူဟာတွေ၊ ရည်ရွယ်ချက်တွေ၊ ပြဿနာတွေ၊ အားသာချက် အားနည်းချက်တွေကို ဘယ်လို ဆန်းစစ်ရမယ်ဆိုတာကို သိရှိသွားကြပါတယ်။ ကျိုးကြောင်းစီစဉ်မှု မူဘောင်၊ ဆန်းစစ် လေ့လာ အကဲဖြတ်ခြင်းဆိုင်ရာ မူဘောင်တွေကိုလဲ ဆန်းသစ် တီထွင်နိုင်ခဲ့ပြီး အစီအစဉ်တွေရဲ့ အချိန်ဇယား၊ အရင်းအမြစ် စီစဉ်မှုတွေ ငွေကြေးရှင်းတမ်းတွေကိုလဲ ရေးဆွဲ နိုင်ခဲ့ပါတယ်။

သင်တန်းအပြီး သင်တန်းသားတို့ရဲ့ ရင်ဖွင့်သံများကတော့

- စီမံချက်တွေမှာ ပြန်လည်အသုံးပြုနိုင်တဲ့ စီမံချက် ဒီဇိုင်းရေးဆွဲဖို့အတွက် အသိပညာ ဗဟုသုတ စွမ်းရည်အားလုံးကို ရရှိခဲ့ပါတယ်။
- ဂရပ်ဖ်တွေ အသုံးပြုသွားတာကို အနှစ်သက်ဆုံးပါပဲ။ အလုပ်မှာ အသုံးဝင်လို့ပါ။
- အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနဲ့ အန္တရာယ်တွေကို ဘယ်လိုထုတ်ဖော်ရမယ်ဆိုတာကို နားလည်သွားပါပြီ။

စီမံချက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း

ရလဒ်အခြေပြု စီမံခန့်ခွဲခြင်း စီးရီးထဲက နောက်ဆုံးအပိုင်းဖြစ်တဲ့ စီမံချက် စောင့်ကြည့်လေ့လာခြင်းနဲ့ အကဲဖြတ်ခြင်းသင်တန်းကိုတော့ မတ်လ ၂၃ရက်နေ့ကနေ ၂၅ရက်နေ့အထိ စီဘီအိုင်သင်တန်းခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။ အဖွဲ့အစည်း ၈ဖွဲ့ကနေပြီး တက်ရောက်လာကြတဲ့ သင်တန်းသား စုစုပေါင်း ၁၅ ဦး ရှိခဲ့ပါတယ်။

ဒီသင်တန်းကို စောင့်ကြည့်လေ့လာခြင်းနဲ့ အကဲဖြတ်ခြင်းဆိုင်ရာ အခြေခံ အသိပညာတွေ နားလည်သွားပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်တွေမှာ ပြန်လည် အသုံးချနိုင်စေဖို့အတွက် ရည်ရွယ်ပြီး ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။

သင်တန်းအပြီးမှာတော့ သင်တန်းသားတွေဟာ စောင့်ကြည့်လေ့လာခြင်းနဲ့ အကဲဖြတ်ခြင်း နည်းလမ်းတွေ သူတို့ရဲ့ ချိတ်ဆက်နေမှုတွေကို သိရှိသွားကြသလို စောင့်ကြည့်လေ့လာတဲ့ ကိရိယာတွေကို ဆန်းသစ်ပုံတွေနဲ့ အကျိုးသက်ရောက်မှုကိုလေ့လာပုံတွေကို နားလည်သွားကြပါတယ်။

သင်တန်းသားတို့ ရင်ဖွင့်သံများ

- အရမ်းကောင်းတဲ့သင်တန်းပါ။ နောင်မှာလဲ RBPM မော်ဂျူးသင်တန်းတွေ ဆက်ဖွင့်ပေးသွားဖို့အကြံပြုပါရစေ။
- RBPM သင်တန်းသုံးခုစလုံးမှာ ပါဝင်ခွင့်ရလိုက်တဲ့အတွက် တခြားသူများထက် ပိုသိရပါတယ်။
- P M&E နဲ့ ပတ်သက်ပြီး ဆွေးနွေးရလို့ ပျော်ပါတယ်။
- M&E နဲ့ P M&E ကို သေချာ နားလည်သွားပါပြီ။

Regional Conference on Risk Management Awareness

CBI Director was invited by Church World Service (CWS) to perform as a facilitator at the Regional Conference on "**Risk Management Awareness from Field Workers to Policy Makers**" from 24-25 February 2011 in Bangkok. The conference was attended by over 80 participants from different organizations.

ဘေးအန္တရာယ် အသိပညာပေးမှု ဒေသဆိုင်ရာ ညီလာခံ

စီဒဘယ်လျှူအက်စ်အဖွဲ့ရဲ့ ဖိတ်ကြားချက်အရ စီဘီအိုင်ဒါရိုက်တာဟာဘန်ကောက်မှာကျင်းပတဲ့ ကွင်းဆင်းအလုပ်သမားကနေပြီး မူဝါဒချမှတ်သူအထိ **ဘေးအန္တရာယ် အသိပညာပေးမှု ဒေသဆိုင်ရာညီလာခံ**မှာ ပံ့ပိုးကူညီသူအဖြစ် ပါဝင်ပေးခဲ့ပါတယ်။ အဖွဲ့အစည်းအမျိုးမျိုးကနေ တက်ရောက်လာကြသူတွေ စုစုပေါင်း၈၀ဦးကျော်အထိ ရှိခဲ့ပါတယ်။

Proposal Writing Training for English Teachers Network

CBI Director was requested by a group of English Teachers from upper Myanmar to give them a one-day training on Proposal Writing during their quarterly conference on 28 February in Pyin Oo Lwin. By using some of the proposal formats, CBI Direcotr facilitated the group to complete one project proposal for each regional group. The conference was attended by 22 participants.

အင်္ဂလိပ်စာသင်ဆရာများ ကွန်ရက်အတွက် အဆိုပြုလွှာများ ရေးသားနည်းသင်တန်း

စီဘီအိုင် ဒါရိုက်တာအနေနဲ့ အင်္ဂလိပ်စာသင်ဆရာများ ကွန်ရက်အဖွဲ့ရဲ့ တောင်းဆိုချက်အရ အဆိုပြုလွှာများရေးသားနည်းသင်တန်းကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ပြင်ဦးလွင်မှာ ပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီအချိန်ဟာ သူတို့အဖွဲ့ရဲ့ သုံးလပတ်ညီလာခံ ကျင်းပနေချိန်လဲ ဖြစ်ပါတယ်။ စီဘီအိုင် ဒါရိုက်တာအနေနဲ့ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုချင်းအလိုက် သက်ဆိုင်ရာ စီမံချက်အဆိုပြုလွှာတွေ ရေးသားရာမှာ ပြီးစီးသွားစေဖို့ အဆိုပြုလွှာ ရေးသားနည်းပုံစံတွေနဲ့ ပံ့ပိုးကူညီပေးခဲ့တာပဲဖြစ်ပါတယ်။ တက်ရောက်သူ သင်တန်းသား ၂၂ယောက်ရှိခဲ့ပါတယ်။

Staff Development Training for Save the Children in Myanmar

Save the Children in Myanmar (SC) contracted CBI to conduct "Staff Development Training" for their staff to get the comprehensive knowledge of the ways to develop their competence. So, CBI Training Team organized two days training on 23 to 24 March at CBI training room. All together 33 participants attended the training. All the staffs were taking the responsibilities of supporting function for the organization. They all came from different parts of the Myanmar.

All the participants actively involved in two days training. They all learnt and understood the roles of HR professional well after the training. They also learnt the competencies required to carry out the professional support services. Participants perceived and valued their work more, after knowing the essential roles of their functions. All of the participants were keen to apply the knowledge learnt from training in their work.

ဝန်ထမ်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်း

အက်စီ (မြန်မာ)ဟာ စီဘီအိုင်ကို သူတို့ရဲ့ ဝန်ထမ်းတွေ စွမ်းဆောင်ရည်ပိုမိုတိုးတက်လာဖို့ ပြည့်စုံ ကျယ်ပြန့်တဲ့ ဗဟုသုတတွေ ရရှိသွားစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဝန်ထမ်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းပို့ချပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒါ့ကြောင့် နှစ်ရက်တာ သင်တန်းအဖြစ် မတ်လ ၂၃ ရက်နေ့နဲ့ ၂၄ ရက်နေ့တွေမှာ စီဘီအိုင် သင်တန်းခန်းမမှာ ပြုလုပ်ပေးခဲ့ပါတယ်။ သင်တန်းသား ၃၃ ယောက်တက်ရောက်ခဲ့ပြီး သူတို့ဟာ မြန်မာပြည် အနှံ့ရှိ အက်စီအဖွဲ့ရဲ့ ထောက်ပံ့ရေးလုပ်ငန်းစဉ်များအတွက် တာဝန်ယူထားသူများဖြစ်ပါတယ်။ အဲဒီနှစ်ရက်တာ သင်တန်းမှာ တက်ကြွစွာပါဝင်ခဲ့ကြပြီး သင်တန်းအပြီးမှာတော့ လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အခန်းကဏ္ဍတွေကို သိရှိသွားကြပါတယ်။ ထောက်ပံ့ရေးဝန်ဆောင်မှုများကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်ရာမှာ လုပ်ရည်ကိုင်ရည်ရှိဖို့လိုအပ်တာကိုလဲ သိရှိသွားခဲ့ကြရပါတယ်။ ဒါ့အပြင် သင်တန်းသားတွေဟာ သူတို့ရဲ့လုပ်ငန်းတာဝန်တွေ ဘယ်လောက်အရေးပါနေတယ်ဆိုတာ သိရှိသွားကြတဲ့အခါမှာတော့ သူတို့ရဲ့အလုပ်အပေါ် ပိုမိုတန်ဖိုးထား တာဝန်ယူလိုလာကြပြီး သင်တန်းမှာ လေ့လာသင်ယူခဲ့ရတာတွေကို သက်ဆိုင်ရာလုပ်ငန်းခွင်တွေမှာ ပြန်လည် အသုံးချဖို့အတွက် တက်ကြွနေကြပါတယ်။

Trainings for Malteser International

CBI Training Team conducted two trainings, Essential Skills and Facilitation and Communication Skills Trainings, for Malteser project staff in Maungdaw, Rakhine State. Altogether 50 participants, male 36 and female 14, participated these two trainings.

Essential Skills Training

The purpose of this training was to boost essential knowledge of manager and make participants become a good manager to manage their team well and perform their work effectively and efficiently. Although level of participants was different, they actively participated throughout the training. During the training, they over-viewed and reflected their management among their team. They not only found out how to encourage and build up the capacity of each staff in their team, but also also discovered ways to solve the common challenges and difficulties that they are facing in their work. They would like to add more case analysis and do more debate related to management issues.

Facilitation and Communication Skills Training

The objective of this training was to enhance the facilitation and communication skill of the participants. By this training participants improved their basic facilitation skills to apply in participatory programs, got insight knowledge on new facilitation methods in conducting participations events, know the importance of communication system.

Participants Feedback

- I like six thinking hats because I can know how to make decisions after understanding everything in detail. It can also be applied in meetings and conferences.
- I like History telling because I can get knowledge by listening to stories.
- I like games and role plays because they give me chance to get familiar with other people and motivate me.

မာတီဆာ (အင်တာနေရှင်နယ်) အတွက် သင်တန်းများ

စီဘီအိုင် (စွမ်းရည်ရှေ့ဆောင်) အနေနဲ့ ရခိုင်ပြည်နယ် မောင်တောမြို့ရှိ မာတီဆာ (အင်တာနေရှင်နယ်) စီမံချက်ဝန်ထမ်းတွေအတွက် မန်နေဂျာတို့အတွက် အခြေခံ စွမ်းရည်များ သင်တန်းနဲ့၊ ပုံပြုကူညီမှုနဲ့ ဆက်သွယ်ဖလှယ်မှုဆိုင်ရာ စွမ်းရည်များ သင်တန်းတွေ ပို့ချပေးခဲ့ပါတယ်။ ဒီသင်တန်း နှစ်ခုမှာ သင်တန်းသားစုစုပေါင်း အယောက် ၅၀ ပါဝင်ခဲ့ကြပါတယ်။

အခြေခံစွမ်းရည်များ သင်တန်း

ဒီသင်တန်းကို တက်ရောက်လာတဲ့ သင်တန်းသားတွေ သူတို့ရဲ့ သက်ဆိုင်ရာအဖွဲ့ကို ကောင်းမွန်စွာ စီမံအုပ်ချုပ်တတ်ပြီး အလုပ်တွေကို ပိုမိုထိရောက်အကျိုးရှိစွာ လုပ်ဆောင်နိုင်ကြစေဖို့အတွက် မန်နေဂျာတစ်ယောက်ရဲ့ စွမ်းဆောင်ရည်တွေ မြှင့်တင်ပေးနိုင်စေဖို့ ရည်ရွယ်ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ သင်တန်းသားတွေအနေနဲ့ ဖြစ်ရပ်လေ့လာ ဆန်းစစ်ခြင်းတွေ၊ စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး စကားရည်လုရတာတွေကို ပိုမိုစိတ်ဝင်စား လုပ်ဆောင်လိုကြပါတယ်။ သင်တန်းသားတွေဟာ စီမံချက်အမျိုးမျိုးနဲ့ အလွှာစုံက ဖြစ်ပေမယ့် သင်တန်းကာလ တစ်လျှောက်လုံးမှာ တစ်ယောက်နဲ့ တစ်ယောက် ကူညီဖေးမရင်းတက်ကြွစွာ ပါဝင်ခဲ့ကြပါတယ်။ သင်တန်းကာလအတွင်းမှာလဲ သူတို့အဖွဲ့အတွင်း စီမံခန့်ခွဲ အုပ်ချုပ်မှုရေးရာတွေကို ပြန်လည်သုံးသပ် ထင်ဟပ်ခဲ့နိုင်ပြီး အဖွဲ့အတွင်းရှိ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်နိုင်ရည်ကို ဘယ်လိုမြှင့်တင်ပေးနိုင်တယ် ဆိုတာတွေကိုပါ သိရှိလေ့လာခွင့်ရခဲ့ကြတယ်။ သူတို့ရဲ့ လုပ်ငန်းခွင်တွေမှာ တူညီစွာ ကြုံတွေ့နေကြရတဲ့ စိန်ခေါ်မှုတွေ အခက်အခဲတွေကိုလဲ ဘယ်လို ရင်ဆိုင်ဖြေရှင်းနိုင်တယ်ဆိုတဲ့ နည်းလမ်းတွေကိုလဲ ရှာဖွေတွေ့ရှိသွားကြပါတယ်။

ပုံပြုကူညီမှုနဲ့ ဆက်သွယ်ဖလှယ်မှု ဆိုင်ရာစွမ်းရည်များ သင်တန်း

ဒီသင်တန်းကိုတော့ ပုံပြုကူညီမှုနဲ့ ဆက်သွယ်ဖလှယ်မှုဆိုင်ရာ စွမ်းရည်တွေကို မြှင့်တင်ပေးလိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။ ဒီသင်တန်း တက်ရောက်လိုက်ရတဲ့ သင်တန်းသားတွေမှာ ပူးပေါင်းပါဝင်တဲ့ အစီအစဉ်တွေမှာ အသုံးချနိုင်တဲ့ ပုံပြုကူညီမှုဆိုင်ရာ အခြေခံစွမ်းရည်တွေအပြင် ပုံပြုကူညီမှုဆိုင်ရာ နည်းလမ်းသစ်တွေကိုပါ ရရှိသွားကြပါတယ်။

သင်တန်းသားတို့ရဲ့ ရင်ဖွင့်သံများ

- ဦးထုပ်ခြောက်လုံးစဉ်းစားတွေးခေါ် နည်းကို ကြိုက်ပါတယ်။ သေသေချာချာ နားလည်သဘောပေါက်ပြီးမှ ဆုံးဖြတ်ချက်ချသင့်တယ်ဆိုတာကို နားလည်သိရှိခဲ့ရတယ်။ အစည်းအဝေးတွေ ညှိနှိုင်းဆွေးနွေးပွဲတွေမှာလည်း အသုံးဝင်ပါတယ်။
- ပုံပြင်ပြောရတဲ့ ကဏ္ဍကို သဘောကျတယ်။ သူများတွေရဲ့ ပုံပြင်တွေကို နားထောင်ရင်းနဲ့ပဲ အသိပညာ ဗဟုသုတရလို့ပါ။
- ဂိမ်းကစားနည်းတွေ၊ သရုပ်ဖော်လုပ်ဆောင်ရတာတွေကို ကြိုက်တယ်။ အဲဒီလို လှုပ်ရှားမှုတွေကြောင့် တစ်ယောက်နဲ့တစ်ယောက် ပိုမိုရင်းနှီးခင်မင်ပြီး ပိုမိုတက်ကြွလာစေတယ်။

Monitoring and Evaluation Training

CBI Training Team conducted Monitoring and Evaluation training on 2-4 April 2011. The purpose of the training was to be able to organize systematic monitoring and evaluation work for better project management. Participants had a chance to initiate the development of M&E Skills through practice during training. At the end of the training, participants knew the basic concepts of M&E and were ready to apply the knowledge and practice in their context of work by adapting them.

Voice of Participants:

- Now I know types of Monitoring and Evaluation and how to plan it.
- I got some facts that are important in identifying the indicator.
- The concept of M&E is essential in a project but in most of the organizations, the M & E is usually weak.

စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း သင်တန်း

ဧပြီလ ၂ ရက်နေ့ကနေ ၄ ရက်နေ့အထိ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်အကဲဖြတ် သင်တန်းကို ပို့ချပေးခဲ့ပါတယ်။ စီမံချက်တွေကို ပိုမိုကောင်းမွန်ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ဖို့အတွက် စောင့်ကြည့်လေ့လာခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ ဆောင်ရွက်မှုတွေကို စနစ်တကျ လုပ်ဆောင်သွားနိုင်ဖို့ ရည်ရွယ်ကာပြုလုပ်ခြင်းဖြစ်ပါတယ်။ သင်တန်းကာလတလျှောက်လုံးမှာလဲ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ စွမ်းရည်တိုးတက်မြင့်မားလာစေဖို့ သင်ယူရင်း လေ့ကျင့်နိုင်ခွင့် ရခဲ့ကြပါတယ်။ သင်တန်းအပြီးမှာတော့ စောင့်ကြည့်လေ့လာခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်းရဲ့ အခြေခံသဘောတရားတွေကို နားလည်သဘောပေါက်သွားပြီး သူတို့ရဲ့လုပ်ငန်းနဲ့ ကိုက်ညီအောင် ပြောင်းလဲအသုံးချသွားနိုင်ခဲ့ပါတယ်။

သင်တန်းသားတို့ ရင်ဖွင့်သံများ

- စောင့်ကြည့်လေ့လာပြီး ဆန်းစစ်အကဲဖြတ်တဲ့ ပုံစံအမျိုးမျိုးကို သိရှိပြီး အစီအစဉ်တွေ ဘယ်လိုရေးဆွဲရမလဲ ဆိုတာ သိခဲ့ရပါတယ်။
- ညွှန်ကိန်းတွေ ဖော်ထုတ်ရာမှာ အရေးပါတဲ့ အချက်အလက်တချို့ကို သိရှိရပါတယ်။
- စောင့်ကြည့်လေ့လာခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ အသိပညာဗဟုသုတတွေဆိုတာ စီမံကိန်းတွေအကောင်အထည်ဖော်တဲ့နေရာမှာ မရှိမဖြစ် ရှိနေရမှာတွေပါ။ များသောအားဖြင့်လည်း အဖွဲ့အစည်းတွေမှာ အားနည်းနေသေးတယ်။

Project Planning Training

CBI conducted Project Planning Training on 29-31 March 2011. The objective of this training was to be able to draw logical project plans for better project management. Altogether 22 participants participated in this training. From this training, participants gained the insight knowledge of step by step process on planning the project and developed their skills on analysis and logical way of planning which can be applied in project planning methodologies in their own projects.

Voice of participants:

- I think it is better to have more resource management activities in Planning and Design Training.
- I have a clear understanding because of knowing five analysis and problem tree.
- I like teaching methods (game, group work).
- I like discussion on assessment in detail

စီမံကိန်း ရေးဆွဲချမှတ်ခြင်း သင်တန်း

စီဘီအိုင်သင်တန်းအဖွဲ့အနေနဲ့မတ်လ ၂၉ရက်နေ့ကနေ ၃၁ရက်နေ့အထိ စီမံကိန်း ရေးဆွဲချမှတ်ခြင်း သင်တန်းကို ပို့ချပေးခဲ့ပါတယ်။ စီမံချက်များကို ပိုမိုကောင်းမွန် ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ဖို့၊ ကျိုးကြောင်းကိုက်ညီ ဆီလျော်တဲ့ စီမံကိန်းအစီအစဉ်တွေကို ရေးဆွဲသတ်မှတ်နိုင်ဖို့ ရည်ရွယ်ပါတယ်။ သင်တန်းမှာ သင်တန်းသား ၂၂ ယောက် တက်ရောက်ခဲ့ပါတယ်။ တက်ရောက်ကြတဲ့ သင်တန်းသားတွေဟာ သူတို့ရဲ့ သက်ဆိုင်ရာ စီမံချက်တွေမှာ ပြန်လည်အသုံးပြုနိုင်တဲ့ စီမံချက်ရေးဆွဲသတ်မှတ်ပုံ အဆင့်ဆင့်ကို ထဲထဲဝင်ဝင် လေ့လာနိုင်ခဲ့ကြသလို ကျိုးကြောင်းဆီလျော်တဲ့ စီမံချက်တွေကို ရေးဆွဲသတ်မှတ် စီစစ်တဲ့ ကျွမ်းကျင်မှုတွေလဲ တိုးပွားသွားကြပါတယ်။

သင်တန်းသားတို့ ရင်ဖွင့်သံများ

- စီမံချက် ရေးဆွဲ သတ်မှတ်ရာမှာ အရင်းအမြစ်စီမံခန့်ခွဲခြင်းဆိုင်ရာ လှုပ်ရှားမှုလေးတွေကို ဒီထက် ပိုလုပ်ဆောင်ရရင် ပိုကောင်းမယ်။
- ပြဿနာသစ်ပင်နဲ့ ဆန်းစစ်ခြင်း ၅ မျိုးကို သိလိုက်ရတဲ့အတွက် ပိုမိုရှင်းလင်းနားလည်သွားတယ်။
- အခုလိုမျိုး ဂိမ်းကစားနည်းတွေ အဖွဲ့လိုက်လုပ်ဆောင်ရတာတွေနဲ့ သင်ယူလေ့လာရတဲ့ ပုံစံကို ကြိုက်တယ်။
- အကဲဖြတ်သုံးသပ်ခြင်းနဲ့ ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးရတာကို နှစ်သက်တယ်။

Organizational Capacity Assessment (OCA) Workshops

Capacity Building Initiative (CBI) has been conducting Organizational Capacity Assessment (OCA) Workshops for the local organization to increase their awareness on aspects of the organization capacity and operating environment and to build ownership of organization's vision, and member's participation in setting and meeting organizational goals. During the month of February and March, CBI facilitated OCA Workshops for Infinity and Sanarmhu Satana.

Sanarmhu Satana

အဖွဲ့အစည်းစွမ်းဆောင်ရည် ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲများ

စီဘီအိုင်အနေနဲ့ ပြည်တွင်းအဖွဲ့အစည်းတွေ သူတို့ရဲ့အဖွဲ့အစည်းတွေကို ရှုထောင့်အမျိုးမျိုးမှ ရှုမြင်တတ်စေဖို့၊ အဖွဲ့အစည်း မျှော်မှန်းချက်၊ ရည်ရွယ်ချက်တွေကို ပေါက်မြောက် အောင်မြင်အောင် လုပ်ဆောင်တဲ့ နေရာမှာ အဖွဲ့ဝင်များရဲ့ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးဖို့အတွက် အဖွဲ့အစည်းစွမ်းဆောင်ရည် ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်ပေးလျက်ရှိနေပါတယ်။ ဖေဖော်ဝါရီလနဲ့ မတ်လအတွင်းမှာပဲ အင်ဖန်နတီနဲ့ စာနာမှုစေတနာအဖွဲ့တို့အတွက် အဖွဲ့အစည်းစွမ်းဆောင်ရည် ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

Infinity

CBI In-House Training Calendar (July to December 2011)

No	Training Title	Delivery	Invitation	Closing	Confirmation
1	***Evolution of Participatory Approaches*** *Series 1 : Fundamental of Participation and Development*	6-8 July	1 June	22 June	29 June
2	***Evolution of Participatory Approaches*** *Series 2 : Early Development of Participatory Approaches*	17-19 August	13 July	3 August	10 August
3	***Evolution of Participatory Approaches*** *Series 3 : Contemporary Development of Participatory Approaches*	7-9 September	3 August	24 August	31 August
4	***Integrated Facilitation*** *Series 1 : Facilitation Fundamental*	5-7 October	31 August	21 Sepetmber	28 Sepetmber
5	***Integrated Facilitation*** *Series 2 : Facilitation for large Group*	16-18 November	11 October	2 November	8 November
6	***Integrated Facilitation*** *Series 3 : Facilitation for Intervention*	7- 9 December	2 November	23 November	30 November

Contact Person : U Ye' Htut Soe (Training Manager)

စီဘီအိုင်-စီဒဘယ်လျူအာက်စ် စီမံချက်အရ ပြုလုပ်သွားဖို့ရှိတဲ့ မြန်မာအန်ဂျီအိုများအတွက် သင်တန်းအချိန်ဇယား

CBI - CWS Training Calendar (May to June 2011)

No	Training Title	Delivery	Invitation	Closing	Confirmation	Reporting	Fac
1	**Team Building**	11-13 May	28 March	28 April	3 May	14 June	CBI Training Team
2	**Creative Thinking & Decision Making**	8-10 June	3 May	24 May	31 May	11 July	CBI Training Team
3	**Human Resourse Management**	22-24 June	16 May	8 June	15 June	25 July	CBI Training Team
4	**Facilitation Skills**	28-30 June	24 May	14 June	21 June	31 July	CBI Training Team

Contact Person : Daw Aye Myat Mon (Training Admin Officer)

CBI Training Calendar for Myanmar NGOs
(June - September 2011)

No	Training Title	Delivery	Location	Invitation	Closing	Confirmation	Reporting	Facilitator
1	**Staff Development**	1-3 June	Yangon	25 April	20 May	25 May	4 July	CBI Training Team
2	**Report Writing**	8-10 June	Mandalay	28 April	25 May	30 May	15 July	CBI Training Team
3	**Leadership**	13-15 June	Mandalay	28 April	25 May	30 May	15 July	CBI Training Team
4	**Facilitation Skills**	12-14 July	Mawlamyine	27 May	27 June	4 June	15 August	CBI Training Team
5	**Participatory Learning and Action**	16-18 July	Mawlamyine	27 May	27 June	4 June	15 August	CBI Training Team
6	**Project Management**	27-29 July	Yangon	22 June	13 July	20 July	30 August	CBI Training Team
7	**Human Resource Management (Resourcing)**	10-12 August	Yangon	27 June	27 July	3 August	13 September	CBI Training Team
8	**Team Building**	17-19 August	Mawlamyine	1 July	1 August	8 August	20 September	CBI Training Team
9	**Essential Skills for Manager**	24- 26 August	Yangon	18 July	10 August	12 August	27 September	CBI Training Team
10	**Facilitation Skills**	14-16 September	Mandalay	1 August	30 August	6 September	18 October	CBI Training Team

Contact Person : Daw Yu Mon Myint (Training Admin Officer)
Email : trainingadminymm@cbiinmyanmar.org, cbitraining.training@gmail.com